

မေမိကိုကို
အနမ်းတစ်ပွင့်၏
ကျိန်စာ

# အနမ်းတစ်ပွင့်၏ကျိန်စာ

## မေမီကိုကို



**ဆရာမင်းတခေတ်၏ အမှာ**

မေမီကိုကို

မေမီကိုကိုဆိုတာ ဘယ်သူဘယ်ဝါပါ ဆိုပြီး အထူးတလည် မိတ်ဆက်ပြောဆိုနေရမယ့် လူတစ်ယောက် မဟုတ်ပါဘူး။ သူမကို တစ်နိုင်ငံလုံးက ပရိသတ်တွေက ချစ်ခင်မြတ်နိုး အားပေးနေကြတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ကျရာဇာတ်ရုပ်တိုင်းကို ပီပီပြင်ပြင် သရုပ်ဆောင်နိုင်တဲ့ အနုပညာရှင်ကောင်း တစ်ယောက်ဆိုတာ အားလုံး လက်ခံထားကြပြီးသား ဆိုတာ စာနယ်ဇင်းလောကက ဦးစီးပြီးလုပ်ပေးတဲ့ (ဒုတိယ အကယ်ဒမီပွဲလို့ ပြောလို့ရတဲ့) Star Awards ဆုက သူမအတွက် အခိုင်အမာဆုံးသော သက်သေ

တစ်ခုပါပဲ။ ပျားရည်အိုင် ဇာတ်လမ်းတွဲ ထဲက မေမီကိုကိုဟာ မေမီကိုကို ဆိုတဲ့ သူမကို ပျောက်ကွယ်စေပြီး 'မြိုင်" ဆိုပြီး ထင်ရှား ကျော်ကြားခဲ့တာ ဟာလည်း သူမရဲ့ ကောင်းမွန်ပီပြင်လွန်းတဲ့ အနုပညာ သရုပ်ဆောင်မှု တွေ ကြောင့်ပဲ ဖြစ်ပါတယ်။ ယခု လတ်တလောမှာလည်း ဂျီဟောသူ ဆိုတဲ့ ဇာတ်လမ်းတွဲထဲမှာ သူမဟာ ညို့ထွေးမှ ညို့ထွေးပါပဲ။

ကျွန်တော်က သူမနဲ့တင်မဟုတ်၊ သူမရဲ့အစ်မ သရုပ်ဆောင် ဇင်ဇင်ရွှန်းနဲ့ ပါ ခင်မင်ရင်းနှီး နေခဲ့တာ နှစ်ကာလ အတော်ကြာမြင့်ခဲ့ပါပြီ။ ကျွန်တော်ရဲ့ ဝတ္ထုဇာတ်ကား အချို့မှာလည်း သူမ ပါဝင် သရုပ်ဆောင်ခဲ့ဖူးတယ်။ သူမတို့ ညီအစ်မ နှစ်ယောက်စလုံးက ယခုမှ အနုပညာ လောကထဲကို ရောက်လာ သူတွေ မဟုတ်ပါဘူး။ လွန်ခဲ့သော နှစ်ပေါင်းများစွာ ကတည်းက ဒီ အနုပညာ လောကထဲမှာ ရိုးရိုးသားသား ကြိုးကြိုးစားစား ကောင်းကောင်း မွန်မွန် လုပ်ကိုင်လာခဲ့ကြသူတွေပါ။ သူမတို့ညီအစ်မ နှစ်ယောက်ကို ကျွန်တော် အချစ်ဆုံးအချက်က ရိုးသားလို့ပါပဲ။ သူမတို့ဟာ အနုပညာ အပေါ်မှာ ရာနှုန်းပြည့် ရိုးသားသလို၊ ပြင်ပလူမှု ဆက်ဆံရေးမှာလည်း အင်မတန် ရိုးသားကြတယ်။ ဒါဟာ ချစ်စရာအကောင်းဆုံး အချက်ပါပဲ။ အဲ သလို ရိုးသားပြီး ကြိုးစားခဲ့လို့လည်း ယနေ့ အနုပညာလောကမှာ နေရာ တစ်နေရာ ရနေခဲ့တာပဲဖြစ်ပါတယ်။

သူမတို့က အနုပညာမှာသရုပ်ဆောင်မှုတစ်ခုတည်းတင်လားဆိုတော့ ...

မဟုတ်သေးပါဘူး။ သူမဟာ သီချင်းအဆိုလည်း ဝါသနာပါသလို အင်မတန်လည်း အဆိုကောင်းသူ တစ်ယောက်ပါ။ မကြာခင်မှာလည်း အခွေ ထွက်လာပါလိမ့်ဦးမယ်။ အဆိုတင်လား ဆိုတော့ မဟုတ်သေးပါဘူး။ စာပေဘက်မှာလည်း အင်မတန်ဝါသနာကြီးသူ တစ်ယောက်ပါ။ သူမဟာ ငွေကြေးအတွက် မဟုတ်ဘဲ အနုပညာဝါသနာ စိတ်ခံကိုက အနုပညာသွေး

အပြည့် ဖြစ်နေတာမျိုးပါ။ သူမဟာ အများ မသိကြတဲ့ နောက်ကွယ်မှာ ဝတ္ထုဇာတ်လမ်းတွေ ရေးသားနေခဲ့သူ၊ ဇာတ်လမ်း ဇာတ်ညွှန်းတွေ ဖန်တီး ရေးသားနေခဲ့သူ တစ်ယောက်ပါ။ ဒါတွေက ပရိသတ်တွေ သိပ်မသိသေးတဲ့ သူမရဲ့ အနုပညာ အလုပ်တွေပေါ့။

အခုတော့သူမရဲ့ စာပေလက်ရာတွေကို သူမချစ်တဲ့၊ သူမကို ချစ်ကြတဲ့ ပရိသတ်တွေဆီကို ပေးပို့လိုက်ပြီး ဖြစ်ပါတယ်။ မေမီကိုကိုဆိုတာ ဘယ်လို အနုပညာ ကဝေပျိုမ တစ်ယောက်လည်း ဆိုတာ ခံစားသိရှိနိုင်ပါလိမ့်မယ်။ ကျွန်တော် သူမစာတွေကို ဖတ်ကြည့်တော့ ခံစားလိုက်မိတာက ရိုးသားမှုကို ခြေခံတယ်၊ ခံစားချက်ကို တစ်ဆင့် ပြန်ဖန်တီးထားနိုင်တယ်။ အန်ကယ်ဦး သိန်းတန် စကားကို ယူသုံးရရင် သူမက စာပေဖက်မှာလည်း ခေသူ မဟုတ် ဆိုတာပါ။ ဘယ်သူမဆို ပထမဆုံး အတွေ့အကြုံမှာတော့ မဝံ့မရဲ ဖြစ်တတ် ကြတာမျိုးပါပဲ။ သူမကလည်း သူမစာတွေအတွက် မဝံ့မရဲဖြစ်တဲ့ ခံစားချက် မျိုးရှိပါတယ်။ ဒါပေမဲ့ ကျွန်တော်နဲ့တွေ့တော့ သူမကို အားပေးစကား ပြော ဖြစ်တယ်။ တစ်နည်းအားဖြင့် ကျွန်တော် မြှောက်ပေးလိုက်သည်ပေါ့ဗျာ။

ကျွန်တော် ဆိုတာကလည်း အားလုံးသိတဲ့အတိုင်းပဲ။ ကိုယ်တိုင် စာရေးသူ ဖြစ်တော့ စာဖတ်သူတိုင်းကို သဘောကျတယ်။ စာရေးသူတိုင်းကို အထင်ကြီးတယ်။ စာရေးဖို့ ဝါသနာပါသူတိုင်းကို ရေးဖြစ်အောင် မြှောက် ပေးတယ်။ ကျွန်တော် မြှောက်ပေးလို့ စာရေးဆရာ ဖြစ်လာကြသူတွေထဲမှာ သူမဟာ ဘယ်နှယောက်မြောက် ဖြစ်နေမလဲ ကျွန်တော် မသိတော့ဘူး။ ကျွန်တော်နဲ့ နီးစပ်တဲ့သူတိုင်း ကျွန်တော်ရဲ့ ဒီအကျင့်ကို သိကြပါတယ်။ ကုန် ကုန်ပြောရရင် ကျွန်တော်က စာရေးစာဖတ် ဝါသနာမပါတဲ့ သူငယ်ချင်း တွေကိုတောင် အနည်းဆုံး ထုတ်ဝေသူလုပ်ဖို့ မရမက သွေးဆောင်နေတတ် သူမျိုးပါ။

စာပေဆိုတာ အနုပညာအမျိုးမျိုးရှိတဲ့ အထဲကမှ ရှေးအကျဆုံးနဲ့ အဆင့်အမြင့်ဆုံး အနုပညာလို့ ကျွန်တော် မှတ်ယူထားပါတယ်။ အခြားနိုင်ငံတွေမှာ စာရေးဆရာ ဇာတ်ညွှန်းဆရာတွေ ဆိုတာ တကယ့်ဩဇာကြီးတဲ့ ဆရာကြီး အဆင့်တွေပါ။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာတော့ စာရေးဆရာ ဇာတ်ညွှန်းဆရာ ဆိုတာကို နောက်ပို့ပြီး အမေ့ခံ အနှိမ်ခံထားရတာ ဓမ္မတာလိုတောင် ဖြစ်နေသလိုပါပဲ။ ဒါတွေကထားပါ . .။

အဓိက ဆိုလိုရင်းတစ်ခုနဲ့ နိဂုံးချုပ်ပါရစေဗျား မေမီကိုကို၊ သူမက ဘာလို့ သရုပ်ဆောင်မှုတွေ ကောင်းပြီး ဇာတ်ရုပ် ပီပြင်လွန်းနေရတာလဲ။ အဖြေက ရှင်းပါတယ်။ သူမက နှလုံးသားနဲ့ စာဖတ်လို့ပါ။ ဒီထက် ပိုသေချာတဲ့ အချက်က သူမကိုယ်တိုင် စာရေးသူတစ်ယောက် ဖြစ်နေလို့ပါပဲ။ အဲဒီတော့ စကားလုံးရဲ့ အတိမ်အနက်တွေကို သူနားလည်တယ်။ ဒိုင်ယာလော့ တစ်ကြောင်းရဲ့ Flow(ဖလိုး)ကို သူနားလည်နေတယ်။ ဒီဝါကျ၊ ဒီစကားလုံးက အပျော်နဲ့ပြောတာလား၊ ကြေကွဲပြီးပြောတာလား သူမ ကောင်းကောင်းသိနေတယ်။ ဒါကြောင့် ကောင်းကောင်း အသုံးပြုနိုင်တယ်။ ဒါဟာ စာပေရဲ့ စာဖတ်ခြင်းအကျိုးပါပဲ။ တချို့ သရုပ်ဆောင်တွေက သရုပ်ဆောင်ဖို့ကိုပဲ အာသီသရှိကြတယ်။ စာဖတ်ဖို့ပျင်းတယ်၊ ရေးဖို့ဆိုတာဝေးရော ... စကားလုံးတွေရဲ့ အတိမ်အနက်တွေ၊ ဝါကျတစ်ကြောင်းရဲ့ Flow တွေကို နားမလည်တော့ဘဲ ဒါရိုက်တာ ပြောသမျှပဲ လိုက်ပြောနေကြတော့ သရုပ်ဆောင်မှုက ထင်သလောက် အသက် မဝင်တော့ဘူး။

ကျွန်တော်ကိုယ်တိုင်လည်း ဒါရိုက်တာလုပ်နေသူ တစ်ယောက်မို့ ဒိုင်ယာလော့ ဖလိုးမှ မှန်အောင် မပြောနိုင်ရင် အဲဒီသရုပ်ဆောင်ရဲ့ အိုက်တင် (Action) ကလည်း ပြောနေစရာ မလိုတော့ဘူး ဂွမ်းနေမှာ အသေအချာပဲ။ ကျွန်တော်တို့ ရုပ်ရှင်လောကမှာ ဆိုရိုးလေးတစ်ခု ရှိပါတယ်။ ဖလိုးမှန်မှ

အိုက်တင်မှန်မယ်တဲ့။ အဲဒီ ဖလိုးမှန်နေဖို့က စာဖတ်တဲ့ သရုပ်ဆောင်တွေအတွက် ထမင်းစားရေသောက် ကိစ္စပဲ၊ အော်တိုမှန်တယ် ...။ စာဖတ်လေ့မရှိတဲ့ သရုပ်ဆောင်တွေ အတွက်ကတော့ နည်းနည်းခက်ခဲလိမ့်မယ်။ ဘာကြောင့်လဲဆိုတာ သူက ကင်မရာနဲ့ လူအများကြီးရဲ့ ရှေ့မှာ အိုက်တင်ကို ဂရုစိုက် နေရတာက တစ်မျိုး၊ ဒိုင်ယာလော့ကို ဂရုစိုက်နေရတာ တစ်မျိုးနဲ့ Worry များနေရတယ်။ အနုပညာလုပ်တယ်ဆိုတာ အဓိကက စိတ်ကို အခြေခံလုပ်ရတဲ့ အလုပ်မျိုးလေ၊ ဒီတော့ Worry တွေနဲ့လုပ်ရင်ရလာမယ့် Result နဲ့ Free လုပ်ပြီးရလာတဲ့ Result က အကွာကြီး ကွာနေတာပါပဲ၊ ဒီတော့ သူတို့နဲ့ အတူယှဉ် သရုပ်ဆောင်ကြတဲ့ အခါမှာ စာဖတ်တဲ့သူက အမြဲတမ်း တစ်ပန်းသာတယ်။

မေမီကိုကိုဆိုတာက စာဖတ်ရုံတင်မက၊ ကိုယ်တိုင် ရေးတတ်သူမျိုး၊ ဇာတ်လမ်းဇာတ်ညွှန်းနဲ့ ပလော့တွေကို ဖန်တီးနိုင်သူမျိုး၊ သရုပ်ဆောင်မှု တစ်ခုမှာတင် ထူးချွန်နေတာမျိုး မဟုတ်ဘဲနဲ့ သီဆိုတဲ့နေရာမှာလည်း အင်မတန် ဆရာကျသူမျိုး ဆိုတော့ကား သူမဟာ ဘယ်လိုတောင် အဆိပ်ပြင်းတဲ့ အနုပညာရှင် ကဝေပျိုမလေး တစ်ယောက်လည်း ဆိုတာ သူ့စာအုပ်ဖတ်ပြီးတဲ့အခါ အဖြေထွက်လာပါလိမ့်မယ်ခင်ဗျာ... ။

လေးစားကြိုးစားလျက်မှ

မင်းတခေတ်

(27-7-2020)

***